## Highlights from DVB Debate's Role of National Defense & Security Council Show

## September 2, 2017

## "What's the real power of National Defense & Security Council?"

"အမျိုးသားလုံခြုံရေးနဲ့ ကာကွယ်ရေး ကိစ္စပြောမယ်ဆိုရင် တပ်တွေ လှုပ်ရှားတိုက်ခိုက်တာကိုပဲ မြင်နေလို့မရဘူး လူသားလုံခြုံရေး ကိစ္စလိုမျိုးတွေပါ ပါတယ်။"

ဒေါက်တာ နိုင်ဆွေဦး - တည်ထောင်သူ၊ သေနင်္ဂမဟာဗျူဟာလေ့လာရေးအဖွဲ့

---

"ကာလုံဆိုတာက အရေးအခင်းတခုခုဖြစ်မှ ကောက်ခေါ်တာမျိုးမဟုတ်ဘဲ ပုံမှန် ကာလအပိုင်းအခြားတခုမှာ ခေါ်သင့်တဲ့ အစည်းအဝေးလို့ မြင်တယ်။"

ဒေါက်တာ နိုင်ဆွေဦး - တည်ထောင်သူ၊ သေနင်္ဂမဟာဗျူဟာ လေ့လာရေးအဖွဲ့

"ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၂၀၁ မှာပါတဲ့ ဖွဲ့စည်းပုံကို လေ့လာကြည့်ရင် သမ္မတအောက်မှာ ရှိတဲ့ အဖွဲ့အစည်းက လူတွေချည်းပဲ။ လွှတ်တော်ဥက္ကဋ္ဌ နှစ်ယောက်ကတော့ အရပ်သား ၂ ယောက်ပေ့ါ။ ကာလုံခေါ်ရင် လွှတ်တော် ဥက္ကဋ္ဌ နှစ်ယောက်ပါမယ်။ ကာလုံမခေါ်ရင်လည်း တခြားသူတွေ အင်အားအပြည့်အဝ ရှိပြီးသားပဲ။"

ဦးဌေးဦး(စိန်ဂျွန်း) - တရားလွှတ်တော်ရှေ့နေ

---

"ကာလုံရဲ့ အရေးကြီးတဲ့ တာဝန်က ၂ ခု။ ကာလုံအဆိုပြုချက်ဖြင့် ကာကွယ်ရေး ဦးစီးချုပ်ကို ခန့်အပ်တာဝန်ပေးရမယ်. နောက်တခုက အရေးပေါ်ကာလ တာဝန်ထမ်းဆောင်တဲ့ ကိစ္စတွေ. အဲဒီမှာ အဓိကအားဖြင့် ၂ ပိုင်း။ တိုင်းနဲ့ ပြည်နယ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအလိုက် သမ္မတက ကာလုံနဲ့ တိုင်ပင်ပြီး အရေးပေါ် အခြေအနေ ကြေညာတာ။ တပြည်လုံးက ထိန်းမနိုင်သိမ်းမရဖြစ်နေလို့ ကာကွယ်ရေးဦးစီးချုပ်ကို အာဏာလွှဲအပ်တာပေ့ါ။"

ဦးရဲထွန်း(သီပေါ) - နိုင်ငံရေး လေ့လာသုံးသပ်သူ

---

"အခမ်းအနားမလိုဘူး အချိန်မရွေး နေ့တိုင်းတွေ့လို့လည်း ရတာပဲ။ ကာကွယ်ရေးနဲ့ပတ်သက်တဲ့လူတွေ သာသနာရေးနဲ့ ပတ်သက်တာတွေ ခေါ်ပြီး ဆွေးနွေးလို့ရတယ်။ မခေါ်လည်း ဒါပဲ။ ကာလုံခေါ်မှ တိုင်းပြည်ကို ကာကွယ်နိုင်မယ်လို့ ဖွဲ့စည်းပုံထဲမှာ တလုံးမှ မဖော်ပြထားဘူး။"

ဦးဌေးဦး(စိန်ဂျွန်း) - တရားလွှတ်တော်ရှေ့နေ

"သမ္မတကိုယ်တိုင်က အရပ်သား စစ်စစ်ဖြစ်နေတယ်။ ဒါပေမယ့် သူဟာ စစ်မှုရေးရာ ကိစ္စတွေနဲ့ ပတ်သက်လို့တော့ စစ်သားတယောက်လို နှိုက်နှိုက်ချွတ်ချွတ် သိမှာမဟုတ်ဘူး။ ကာလုံမှာ

ခေါ်ယူတွေ့ဆုံခြင်းအားဖြင့် နှစ်ဖက်အမြင်ကို ပိုဆွေးနွေးလို့ ရ လာနိုင်မယ်။ အကုန်လုံး အမြင်ကို ပိုသိရှိလာနိုင်မယ်။”

ဒေါက်တာ နိုင်ဆွေဦး - တည်ထောင်သူ၊ သေနင်္ဂမဟာဗျူဟာလေ့လာရေး အဖွဲ့

---

“ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဘယ်အခါမှာလိုလဲ .သမ္မတကြီးက လိုတယ်လို့ ဆုံးဖြတ်ထားရင် ပြည်သူက ရွေးကောက်ထားတဲ့ သမ္မတကသာလျှင် လိုအပ်လို့ ခေါ်တယ်ဆိုရင် ကာလုံခေါ်မှာပဲ။”

ဦးဌေးဦး(စိန်ဂျွန်း) - တရားလွှတ်တော်ရှေ့နေ

---